သို့

ကုလသမဂ္ဂ

ရက်စွဲ။ ။ဖေဖော်ဝါရီ ၂၅၊ ၂၀၂၁

မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်ကိုပီပြင်စွာကျင့်သုံးနိုင်ရေး ကာလရှည်ကြာ ကြိုးပမ်းဆောင်ရွက်နေသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ ယခုကာလတွင် မင်းအောင်လှိုင်၏ စစ်အုပ်စုသည် ပြည်သူက ရွေးကောက်တင်မြှောက်ထားသောအစိုးရကို လက်နက်ဖြင့် ခြိမ်းခြောက်ဖမ်းဆီးထားသည်မှာ ကမ္ဘာသိဖြစ်သည်။ ယင်းလုပ်ရပ်ကို မြန်မာလူထုသည် ပြင်းထန်စွာကန့်ကွက်လျက်ရှိသည်မှာ လူထု၏ Civil Disobedience Movement နှင့် ငြိမ်းချမ်းသော၊ အကြမ်းမဖက်ဆန္ဒထုတ်ဖော်မှုများက သက်သေဖြစ်သည်။ မြန်မာ့အရေးသည် ကမ္ဘာ့အရေးဖြစ်သည်မှာ အလွန်ထင်ရှားသဖြင့် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်ရမည်မှာ အဓိကအချက်တစ်ချက်ဖြစ်ပါသည်။ ကမ္ဘာကြီး၏ တာဝန်ယူတာဝန်ခံမှုနှင့် သွေးစည်းညီညွတ်မှုကို ထင်သာမြင်သာ လက်တွေ့ပြရန်အတွက် ကျွန်ုပ်တို့ မြန်မာနိုင်ငံရှိ ကျောင်းသားသမဂ္ဂများ စုစည်းကာ ယခုပေးစာနှင့် တောင်းဆိုချက်များကို ပေးပို့လိုက်ရခြင်းဖြစ်သည်။

ကျွန်ုပ်တို့၏ ဦးတည်ချက်သည်

(၁) စစ်အာဏာရှင်စနစ်အပြီးသတ်ချုပ်ငြိမ်းရေး၊

(၂) စစ်အုပ်စုမပါဝင်သော ပြည်သူ့အစိုးရတစ်ရပ် ထူထောင်နိုင်ရေး၊

(၃) ဖယ်ဒရယ်ဒီမိုကရေစီစံနှုန်းများ အပြည့်အဝရရှိရေး တို့ဖြစ်သည်။

ကျွန်ုပ်တို့၏ တောင်းဆိုချက်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကမ္ဘာ့ကုလသမဂ္ဂနှင့် နိုင်ငံတကာ အစိုးရများအနေဖြင့် Committee Representing Pyidaungsu Hluttaw (CRPH) ကို အသိအမှတ်ပြုပြီး သံတမန်လုပ်ငန်းများအား ပီပြင်စွာ စတင်ဆောင်ရွက်ရန်၊

(၂) မင်းအောင်လှိုင်၏ စစ်အုပ်စုနှင့် သံတမန်အဆက်အသွယ်များ လုံးဝ ဆောင်ရွက်ခြင်း မပြုရန်နှင့် ဖြတ်တောက်ရန်၊

(၃) ဖေဖော်ဝါရီလ (၁) ရက်နေ့မှ စတင်၍ ယနေ့အချိန်ထိ စစ်အုပ်စုမှ မတရား ဖမ်းဆီးထားသော ဖမ်းဆီးခံပုဂ္ဂိုလ် ၇၀၀ ကျော်ခန့်အား ချက်ချင်းလွှတ်ပေးရန် အတွက် နိုင်ငံတကာစံနှုန်းများနှင့်အညီ နည်းလမ်းပေါင်းစုံဖြင့် ဖိအားပေးရန်၊

(၄) လူသားချင်းစာနာထောက်ထားမှု အကူအညီများဆက်လက်ပေးအပ်ရန်နှင့် CDM လုပ်ဆောင်နေသည့် ဝန်ထမ်းများအား ကာကွယ်ပေးရန်၊

(၅) မင်းအောင်လှိုင်နှင့် စစ်အုပ်စုက ယနေ့အချိန်အထိ ကျူးလွန်ထားသော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ စစ်ရာဇဝတ်မှုများအား နိုင်ငံတကာရာဇဝတ် တရားရုံးမှ လျင်မြန်စွာအရေးယူပေးရန် တို့ဖြစ်ပါသည်။

ကျောင်းသားသမဂ္ဂများ

- ရန်ကုန်နည်းပညာတက္ကသိုလ်
- ဒဂုံတက္ကသိုလ်
- ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် (ရရတကသ)
- သန်လျင်နည်းပညာတက္ကသိုလ်
- မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
- နည်းပညာတက္ကသိုလ် (မှော်ဘီ)
- မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်
- ရန်ကုန်ကွန်ပျူတာတက္ကသိုလ်
- ရန်ကုန်စီးပွါးရေးတက္ကသိုလ် (လှိုင်နယ်မြေ)
- ရန်ကုန်စီးပွါးရေးတက္ကသိုလ် (ရွာသာကြီး)
- သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
- ရန်ကုန်နိုင်ငံခြားဘာသာစကားတက္ကသိုလ်
- စက်မှုလက်မှုသိပ္ပံ (အင်းစိန်)
- စက်မှုလက်မှုသိပ္ပံ (ရွှေပြည်သာ)
- ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
- ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ရန်ကုန်
- ဆေးတက္ကသိုလ် (၁)၊ ရန်ကုန်
- ဘားအံတက္ကသိုလ်
- စစ်ကိုင်းနည်းပညာတက္ကသိုလ်
- မိတ္ထီလာစီးပွါးရေးတက္ကသိုလ်
- နည်းပညာတက္ကသိုလ် (မိတ္ထီလာ)
- ဘားအံကွန်ပျူတာတက္ကသိုလ်
- မြစ်ကြီးနားတက္ကသိုလ်